
ရင်မြတ်နိုး၏
သင်မြတ်နိုး
ရင်ခုန်သံရှင်းတမ်း

# အခန်း (၁)

အလင်းသစ်ရဲ့ အကြည့်တွေက သူ့ရှေ့မှာ မတ်တပ်ရပ်နေသော လိမ္မော်ချိုဆီမှာ နာကျင်စွာ ရောက်နေသည် ။

သူ့ ခွင့်ပြုချက် မရဘဲ ရုပ်ရှင်သွားကြည့်ခဲ့သော လိမ္မော်ချိုအား ခွင့်မလွှတ်နိုင်လောက်အောင် ဒေါသတွေ ပေါက်ကွဲနေမိ၏။ ကျူရှင် သွားမယ်ဆိုပြီး သူ ကားနှင့် ပို့ခဲ့ပါသည် ။ လိမ္မော်ချိုက ကျူရှင် လစ်ပြီး ရုပ်ရှင်ခိုးကြည့်ခဲ့တာ ဖြစ်၏။ ဒီလို စည်းကမ်းပျက်တာမျိုးကို အလင်းသစ် လက်မခံနိုင်ပါ။

လိမ္မော်ချိုဆိုတာ အူဝဲဆိုကတည်းက သူ့မေမေ မွေးစားခဲ့တဲ့ ကောင်မလေးပါ။ လိမ္မော်ချိုကို မွေးစားစဉ်က သူ့အသက် ငါးနှစ်လောက်ပဲ ရှိသေးသည် ။

“မေမေ့ အသိတစ်ယောက်ရဲ့ သမီးလေးပါ သားရယ်၊ မိဘတွေ မရှိတော့လို့ မေမေ မွေးစားဖို့ ခေါ်လာတာ၊ သားအတွက်လည်း ညီမလေးတစ်ယောက် ရတာပေါ့နော်”

နီတာရဲကလေးကို တွေ့လိုက်ရကတည်းက အလင်းသစ် ချစ်မြတ်နိုးသွားမိခဲ့သည် ။

ကော်ပတ်ရုပ်လေးနှင့်တူကာ ဖွေးဖြူအိစက်ပြီး ဝကစ်ကစ်လေးဖြစ်၍ သူ အရမ်းပဲ နှစ်သက် သဘောကျကာ မျက်စိအောက်ကနေ အပျော

က်မခံတော့ပေ။ အိပ်တာကအစ ညီမလေးအနားမှာ ပဲ အိပ်သည် ။

ညီမလေးကို အမြဲတမ်း သတိရနေတတ်ပြီး ကျောင်းဆင်းတာနှင့် ညီမလေးဆီပဲ ပြန်ပြေး လာတတ်ခဲ့၏။

သူ စာသင်နေချိန်က လွဲပြီး ညီမလေးကိုပဲ ထိန်းကျောင်း စောင့်ရှောက်နေခဲ့သည် ။

"မေမေ"

"ဟင် . . .."

"ညီမလေးကို သား အရမ်းချစ်တာပဲ၊ မျက်စိအောက်ကတောင် အပျောက်မခံနိုင်ဘူး၊ ညီမလေးကို အမြဲတမ်း သတိရနေတယ်၊ ညီမလေး တစ်ခုခုဖြစ်သွားမှာ အရမ်း စိုးရိမ်တယ်၊ သားမရှိတဲ့ အချိန်တွေ ညီမလေးကို မေမေ ဂရုစိုက်ပါနော်"

"အေးပါကွယ် ဒီကလေးက အရမ်းကို စန်းပွင့်ပြီး ချစ်စရာလေးပဲ၊ မေမေတောင် မြင်မြင်ချင်း ချစ်သွားပြီး အမွေစား အမွေခံစာချုပ်နဲ့ မွေးစားပြီး ခေါ်လာတာ၊ လိမ္မော်ချိုလေးက အရမ်းချောပြီး ချစ်စရာကောင်းတယ်၊ ကြီးလာရင် အရမ်း စွံမှာ သားရဲ့ "

"ဟင် . .. ."

"ချစ်တဲ့ ကြိုက်တဲ့ သူတွေ ဝိုင်းဝိုင်းလည်နေမှာ သေချာတယ်၊ မြင်လိုက်ရတဲ့ သူတွေ နှစ်ခါ ပြန်မကြည့်ဘဲ နေနိုင်မှာ မဟုတ်ဘူး ၊ သား ယောက်ဖကောင်းကောင်း ရအောင် ကြည့်ထား နော်"

မေမေက အမှတ်တမဲ့ ပြောလိုက်ပေမဲ့ သူ့ နှလုံးသားတွေထဲမှာ တော့ စိုးရိမ်ပူပန်မှုတွေနှင့် ထိတ်ထိတ်ပြာပြာ လှုပ်လှုပ်ရှားရှားနှင့် နာကျင်သွားရသည် ။

ဒါ သူ လက်မခံနိုင်တဲ့ အချက်ပါ။ ညီမလေးကို ဘာဖြစ်လို့ အခြား ယောကျ်ားတစ်ယောက်ရဲ့ လက်ထဲကို ထည့်ရမှာ လဲ မရပါဘူး။ ညီမ လေးကို စည်းစနစ်နဲ့ ထားရမယ်။

သူ ခွင့်ပြုချက်မရဘဲ ဘယ်မှ မသွားရဘူး။ ညီမလေးကို သူ အရိပ်လို စောင့်ကြည့်နေရမယ်။

ထိုနေ့ကစပြီး အလင်းသစ် ပို၍ စိတ်ပူလာကာ ညီမလေးကို မျက်စိ အောက် အပျောက် မခံနိုင်ဘဲ ဖြစ်ခဲ့ရသည် ။ ညီမလေးရဲ့ ဝေယျာဝစ္စ တွေကို မေမေ့ထက်ပင် အလင်းသစ်ပဲ လုပ်ပေးခဲ့၏။

ညီမလေး ဆော့ရင်လည်း သူနှင့်ပဲ ဆော့စေ၏။ ညီမလေး ကျောင်း တက်ချိန် ရောက်တော့ လည်း အစွမ်းကုန် ကြိုးစားပြီး အပို့အကြို လုပ် ပေးခဲ့သည် ။

“သားရယ် မေမေ ရှိပါတယ်၊ ညီမလေးအတွက် စိတ်ချပါ၊ မင်းကို ကြည့်ရတာ စိတ် ပင်ပန်း တယ်ကွယ်”

“ရပါတယ် မေမေ၊ ညီမလေးအတွက် အလင်းသစ် လုံးဝ မပင်ပန်းပါ ဘူးဗျာ၊ ညီမလေး သား မျက်စိရှေ့ကနေ ပျောက်ကွယ်သွားတာနဲ့ သား အရမ်းပဲ စိတ်ပူပင်နေတတ်တယ်၊ စာသင်ခန်း ထဲမှာ တောင် သွားထိုင်ပြီး ကြည့်နေချင်တာ”

သူ ဆယ်တန်းအောင်တော့ ဂုဏ်ထူးတွေ အများကြီး ပါတာတောင် စာတွေ ပိပြီး အချိန်တွေ မအားလပ်မှာ စိုး၍ ဆေးတက္ကသိုလ်၊ အင်ဂျင်နီ ယာသင်တန်းတွေ မတက်ဘဲ ရိုးရိုးမေဂျာပဲ တက်ခဲ့ သည် ။

ဒါဟာ ညီမလေးကို အချိန်ပြည့် ကြည့်ရှု စောင့်ရှောက်နိုင်ဖို့ လေ။ ညီ မလေးရဲ့ စားရေး သောက်ရေး၊ ပညာရေး၊ ဝတ်စားတာကအစ သူပဲ စီစ

ဉ်ညွှန်ကြားကာ အချိန်ပြည့် အာရုံစိုက်ကာ စောင့်ရှောက်လာခဲ့သည် ။

"သားရယ် ညီမလေးကို အဲဒီလောက်ထိ စည်းကမ်းတွေ တင်းကျပ်ပြီး ချုပ်ချယ် မထားပါနဲ့ ကွယ်၊ ညီမလေး နေရထိုင်ရတာ စိတ်တွေ ကျဉ်းကြပ်ပါ့မယ်"

"မဖြစ်ဘူး မေမေ၊ မိန်းကလေးဆိုတာ စည်းနဲ့ ကမ်းနဲ့ ကြီးပြင်းတာ ကောင်းတယ်၊ အလင်းသစ်က ညီမလေးကို ပညာတတ် မိန်းကလေး၊ လူ့ဂုဏ်သိက္ခာ ကြီးမားပြီး တန်ဖိုးရှိတဲ့ မိန်းကလေးပဲ ဖြစ်စေချင်တယ်၊ စည်းစနစ် ကြီးကြီးနဲ့ မျှော်လင့်ချက်တွေ အနာဂတ်တွေ လှပစေချင်တာပါ ၊ ညီမလေးက သားအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာလေးပါ"

"သားရယ် ညီမလေးအပေါ် အဲဒီလောက်ကြီး အစွဲအလန်း မထားပါနဲ့ ကွယ်၊ စိတ်ပင်ပန်း ပါတယ်၊ ဒီမှာ အလုပ်သမားတွေ အများကြီး ရှိနေတာတောင် သားက ကိုယ်တိုင် လုပ်ပေး ရမှ ဆိုတော့ သား စိတ်ပင်ပန်းတယ်လေ"

"ဟာ . . . ဘာမှ မပင်ပန်းပါဘူး မေမေ၊ ညီမလေး ဝေယျာဝစ္စတွေ လုပ်ပေးရတာ၊ ညီမလေးကို အရိပ်လို ကြည့်ပြီး စောင့်ရှောက်နေရတာ အရမ်းပဲ ပျော်တယ်၊ ပီတိလည်း ဖြစ်ရ တယ်၊ ဘာမှ မပင်ပန်းပါဘူး မေမေ"

ညီမလေး လိမ္မော်ချိုနှင့် သူ အသက် ငါးနှစ်ကွာသည် ။ ညီမလေး မူကြိုတက်သည့် အချိန်က စပြီး အခု စီးပွားရေးတက္ကသိုလ် ပထမနှစ်တက်တဲ့ အချိန်အထိ သူ အမြဲတမ်း အချိန်တိုင်း အကြိုအပို့ လုပ်ခဲ့သည် ။

သူ လုံးဝ မအားလပ်တဲ့ အချိန်တွေကျမှ သူ့လူယုံ ဦးတုတ်အား ကားနှင့် မောင်းပို့ပြီး စောင့်ရှောက်စေခဲ့သည် ။ အခု သူကိုယ်တိုင် ကားနှင့် ပို့ထားခဲ့တာပါ။

သူ အချိန်ရလို့ ကျူရှင်မှာ အစောကြီး သွားစောင့်နေမိရာက လိမ္မော်ချို ကျူရှင်မတက်ဘဲ လစ်ထွက်သွားကြောင်း သိလိုက်ရသည် ။ သူ ပျာယာခတ်သွားပြီး အပူတပြင်း စုံစမ်းတော့ ရုပ်ရှင် သွားကြည့်တယ်တဲ့ ။ ဘယ်လောက်များ ဒေါသဖြစ်ဖို့ ကောင်းလဲ။

သူ လိုက်သွားပြီး ညီမလေး လက်ကို ဆွဲကာ ရုပ်ရှင်ရုံ ရှေ့ကနေ ပြန်ခေါ်လာသည် ။ ပတ်ဝန်းကျင်က ဘာတွေ ဘာမှ ဂရုမစိုက်။ သူ့အသားတွေက တဆတ်ဆတ်တုန်ရီ ဒေါသ တွေ ပေါက်ကွဲခဲ့ရ၏။ သူ့အကြည့်တွေက နာကျင်စွာ ညီမလေးကို ကြည့်မိသည် ။

"လိမ္မော်ချို"

"ရှင်"

"နင် . . . နင် ငါမသိဘဲ . . . ငါ့ဆီက ခွင့်ပြုချက် မတောင်းဘဲ ဘာဖြစ်လို့ ဒီလို အကျင့် ပျက်တဲ့ အပြုအမူတွေ လုပ်ရတာလဲ ပြောစမ်း . . . ဒီလို စည်းမဲ့ ကမ်းမဲ့အလုပ်တွေ လုပ်ချင် လာအောင် နင့်ကို ဖျက်ဆီးတာ ဘယ်သူလဲ . . . ဟိုကောင်မလေး ဖြူနှင်းဝေလား . . ."

"ဟို . . . ဟို . . . ကိုကို ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး . . . ဒီနေ့ အတန်းမရှိတာနဲ့ ဆရာ မလာတော့ဘူးလို့ ပြောလို့ သူငယ်ချင်းတွေနောက် လိုက်သွားမိတာပါ"

"ဘာ"

"လိမ္မော် . . . နောက် မသွားတော့ပါဘူး ကိုကို . . . ဒီတစ်ခါတည်းပဲ . . . ဆရာ မရှိတော့ တစ်ယောက်တည်းစောင့်နေရမှာ စိုးလို့ ပါ"

"နင့်မှာ ဟန်းဖုန်းရှိတာပဲ၊ ငါ့ကို လှမ်းဖုန်းဆက်လို့ ရတာပဲဟာ၊ ဘာဖြစ်လို့ မဆက်တာလဲ၊ လိမ္မော်ချို ဒရိုင်ဘာကို ဖုန်းဆက်ခေါ်လည်း ရ

တာပဲ၊ နင် မရိုးသားတာ အကျင့်ပျက်တာ”

“ကိုကို”

“ငါ့ရဲ့ စိတ်တွေကို နင် သိတယ်မဟုတ်လား၊ လိမ္မော်ချို ဒီလို စည်းကမ်းဖောက်ဖျက်တာမျိုး လုံးဝ လက်မခံဘူး၊ ဒီအပြစ်ဒဏ်အတွက် ဒဏ်ပေးရမယ်”

ညီမလေး လိမ္မော်ချိုအား သူ စူးစိုက်စွာ ကြည့်မိရင်း ရင်ထဲမှာ နာကျင်နေရ၏။

ငယ်စဉ်လေးကတည်းက သူရဲ့ စည်းစနစ်တွေအောက်မှာ တိတိကျကျ လိုက်နာပြီး ကြီးပြင်း လာခဲ့ရသလို မေမေ ရှိစဉ်ကပင် သူ့ အမိန့်သြဇာကိုပဲ နာခံရသည် ။ သူ့ ခွင့်ပြုချက် မရဘဲ ဘာမှ မလုပ်ရ။ ဘယ်မှ မသွားရ။ သူ့ မျက်စိအောက်မှာ ပဲ နေရ၏။

ဒီလောက် တင်းကျပ်ထားတာတောင် ခွင့်ပြုချက်မရဘဲ အပြင်ထွက်သွားခဲ့တာ သူ ဘယ်လိုမှ သည်းမခံနိုင်တော့လောက်အောင် ဖြစ်သွားရ၏။ အပြစ်ဒဏ်ပေးရမည်။ လုံးဝ ခွင့်မလွှတ်ဘူး။

နောက်ထပ် မသွားရဲအောင် အပြစ်ဒဏ် ပေးကိုပေးရမယ်၊ လိမ္မော်ချိုရဲ့ လက်ကို ဆောင့်ဆွဲပြီး အခန်းတစ်ခုထဲသို့ ခေါ်လာခဲ့၏။

“ကိုကို . . . လိမ္မော် ကိုကို မသိဘဲ ဘယ်ကိုမှ မသွားတော့ပါဘူး . . . တောင်းပန်ပါတယ် နော် . . . ညီမလေးကို အဲဒီအခန်းထဲမှာ မထားပါနဲ့ ကိုကိုရယ်”

လိမ္မော်က အမှောင်ထုကို အကြောက်ကြီး ကြောက်တတ်သည် ။ အိပ်ခန်းထဲမှာ တောင်မှ မီး ထွန်းပြီးမှ အိပ်တတ်၏။ ငယ်ငယ်လေးထဲက သူ့စကားကို နားမထောင်လျှင် အမှောင်ခန်းထဲမှာ ပိတ်ထားပြီး ကြွက်

တွေနှင့်အတူ ထားတတ်သည် ။

သူ ပေးတဲ့ အပြစ်ဒဏ်ကို ကြောက်ပြီး လိမ္မော်ချို ဘယ်တော့မှ သူ့ဆီက ခွင့်ပြုချက် မယူဘဲ မလုပ်ခဲ့ပေ။ လိမ္မော်ချို့စကားတွေကို သူ လုံးဝ လက်မခံတော့။ အပြစ်ဒဏ်ကတော့ ပေးရမယ်။ သူ့ကို မထေမဲ့မြင် လုပ်တာပဲ . . . စော်ကားတာပဲ။ အပြစ်ဒဏ်တော့ ပေးကို ပေးရမှာ ပဲ။ ဒီအခန်းက လိမ္မော်ချိုအား အပြစ်ဒဏ်ပေးဖို့ အတွက် ငယ်စဉ်ကလေးကတည်းက သူ စီစဉ်ထားတာပါ။ လိမ္မော်ချို သေမတတ် ကြောက်ရွံ့တဲ့ အခန်း။

“ကိုကို လိမ္မော် ကြောက်တယ် မထားပါနဲ့ ၊ ဒီအခန်းထဲ လိမ္မော် မဝင်ပါရစေနဲ့ ”

“မရဘူး”

“ကိုကို”

“ဘာကိုကိုလည်း နင် ဒီလို အပြစ်ဒဏ်တွေ ခံစားရမယ်ဆိုတာ သိသိကြီးနဲ့ သွားတာ မဟုတ်လား၊ ငါ့ကို မလေးမစား လုပ်တာပဲ”

“မဟုတ်ပါဘူး ကိုကို၊ လိမ္မော် တစ်ခါတစ်လေ သူငယ်ချင်းတွေနဲ့ အဲဒီလို သွားချင်မိလို့ ပါ၊ ဆရာကလည်း မလာတော့ လိမ္မော်တစ်ယောက်တည်း အကြာကြီး စောင့်နေရမှာ မို့လို့ ပါ၊ လိမ္မော် ဟမ်းဖုန်းက ဘက်ထရီကုန်နေလို့ ပါနော်၊ မယုံရင် ကိုကိုကြည့်ပါ”

“နင် အပိုတွေ ပြောနေတာ၊ ဒါ လုံးဝ မဖြစ်နိုင်ဘူး၊ ဖုန်းတွေ အများကြီး ရှိတာပဲ၊ နင် ဆက် လို့ ရလျက်သားနဲ့ ဘာဖြစ်လို့ မဆက်တာလဲ၊ နင့်ကို မှတ်လောက်သားလောက်အောင်တော့ ပညာပေးရမယ် ဝင်”

“ကိုကို”

“ဝင်လေ”

“အမယ်လေး . . . ”

“ဂျိမ်း”

“ကိုကို”

လိမ္မော်ချိုရဲ့ ကြောက်လန့်တကြား အော်လိုက်တဲ့ အသံလေးကို သူ ဥပေက္ခာ ပြုလိုက်သည် ။ မရဘူး။ နင် ကျူးလွန်တဲ့ အပြစ်ဒဏ်အတွက် နင် ခံယူရမယ်။

သူငယ်ချင်းတွေနဲ့ လိုက်သွားတဲ့ အထိ အတင့်ရဲ လာပြီ။ ကောင်လေးတွေနဲ့ တွဲပြီး မတွေ့လို့ တော်သေးတယ် မှတ်ထား လိမ္မော်ချို။ ဒီအခန်းထဲမှာ ပဲ နောင်တရတဲ့ အထိ နင် နေရမယ်။ အလင်းသစ် ဆိုတာ ချစ်ရင်လည်း အရမ်းချစ်တယ်၊ မုန်းရင်လည်း အရမ်းမုန်းတယ်။

*

# အခန်း (၂)

"အမယ်လေး . . . ကြောက်ပါပြီ ကိုကိုရယ်၊ လိမ္မော် တောင်းပန်ပါတယ်၊ နောက် ကိုကို မသိအောင် ဘာမှ မလုပ်တော့ပါဘူး"

လိမ္မော် အရမ်းပဲ ကြောက်သည် ။ အမှောင်ကို လိမ္မော် ကြောက်တယ်။

ပြီးတော့ ကြွက်တွေ သူမ ငယ်ငယ်လေးကတည်းက အဲဒီလို အပြစ်ပေးခဲ့၍ ကိုကို့အား လိမ္မော် မော့မကြည့်ရဲလောက်အောင် ကြောက်ခဲ့မိသည် ။ ကြွက်တွေ လိမ္မော် အရမ်းကြောက်တာပဲ။ ထောင့်တစ်နေရာမှာ မလှုပ်မယှက် ငြိမ်ပြီး ထိုင်ရင်း ဒူးလေးရော ခန္ဓာကိုယ်လေးပါ တဆတ်ဆတ် တုန်ရင်နေသည် ။

"ကျွိ . . . ကျွိ"

"ကျွိ . . . ကျွိ"

"ကျွိ"

"အမေ့ . . .. "

"ကျွိ ကျွိ"

ကြွက်ချေးနံ့တွေက နံလိုက်တာ။ တစ်ခန်းလုံး တကျွိကျွိနှင့် ဟိုပြေးဒီပြေး ပြေးနေကြသည် ။

"ကျွိ ကျွိ"

"အမလေး"

သူမကိုယ်ပေါ် ပြေးတက်လာသဖြင့် သူမ ငယ်သံပါအောင် အော်လိုက်မိသည် ။ အသံလေးတွေ တဆတ်ဆတ်တုန်ကာ ချွေးစီးတွေပင် ပျံလာရ၏။

အမှောင်ထဲမှာ လည်း မပြေးရဲပေ။ ဘုရားရေ၊ လိမ္မော်ကို ကယ်မယ့်သူလည်း မရှိတော့ ပါလား။ မေမေ ရှိတုန်းကတောင် ကိုကို စည်းကမ်းတင်းကျပ်လျှင် အပြစ်ဒဏ်ပေးလျှင် ဝင်ရောက် တားဆီးခြင်း မရှိခဲ့။

မေမေပင် မကယ်နိုင်ဘူး မဟုတ်လား။ လိမ္မော့် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ တပေါက် ပေါက် လိမ့်ဆင်းလာသည် ။

"သမီးလေးကို စည်းစနစ်နဲ့ ကြီးပြင်းလာစေချင်လို့ ပါ၊ တန်ဖိုး ကြီးမားတဲ့ မိန်းကလေး ဖြစ်စေချင်လို့ ပါ၊ ကိုကိုက သမီးလေးကို အရမ်းပဲ ချစ်မြတ်နိုးလွန်းလို့ ပါကွယ်"

မေမေ ပြောတတ်တဲ့ နှစ်သိမ့်စကားလေးတွေပါ။ လိမ္မော်ကို အရမ်းချစ်လို့ တဲ့ ။ စည်းစနစ်နဲ့ ကြီးပြင်းစေချင်လို့ တဲ့ ၊ လိမ္မော့်ကို တန်ဖိုး ရှိတဲ့ မိန်းကလေးဖြစ်စေချင်လို့ တဲ့ ။

လိမ္မော် ဘာဖြစ်လို့ ကိုကို့ စည်းစနစ်တွေကြားထဲမှာ ငြိမ်ဝပ်ပိပြားစွာနေခဲ့မိတာလဲ။ လိမ္မော့် အပေါ် တစ်ခါတစ်ရံ ကိုကို ရက်စက်နေသည် ဟု ထင်သည် ။

လိမ္မော်လည်း ကိုကို့ကို ချစ်ပါတယ်။ ဒီမောင်နှမ နှစ်ယောက်တည်းပဲ ရှိနေတာ။

ဒါပေမဲ့ မေမေ မရှိတော့တဲ့ နောက်ပိုင်း လိမ္မော် အရွယ်ရောက်လာ

သည် နှင့်အမျှ ကိုကို့ စည်းကမ်းချက်တွေက ပို၍ ပင် တင်းကျပ်လာသည် ။

ပြစ်မှုလေး နည်းနည်း လွန်ကျူးလိုက်သည် နှင့် လိမ္မော်ကို ကြီးလေးတဲ့ အပြစ်ဒဏ်တွေ ပေး တတ်၏။

သူငယ်ချင်းတွေဆိုလည်း ကိုကိုက အောင်သွယ် လုပ်မည့်သူတွေ အကြံအဖန် လုပ်မည့်သူ တွေပဲ ထင်မှတ်နေသည် ။

အပေါင်းအသင်း ရှိတာလည်း မကြိုက်၊ လိမ္မော်ကို အရိပ်လိုစောင့်ကြည့်နေတတ်၍ မွန်းကြပ် စွာ နေထိုင်ခဲ့ရ၏။

“နှင့်ကိုကိုက လွန်တယ်ဟာ၊ နှင်မို့လို့ နေနိုင်တယ်၊ ဒီတစ်ခါတော့ လိုက်ခဲ့ပါ လိမ္မော်ရယ်၊ ဆရာမှ မလာတာပဲ၊ နှင်တစ်ယောက်တည်း စောင့်နေရမှာ လေ”

လိမ္မော်ရဲ့ တစ်ဦးတည်းသော သူငယ်ချင်း နှင်းဆီက ပြောသည် ။ နှင်းဆီမရှိလျှင် လိမ္မော် တစ်ယောက်တည်း ဖြစ်တော့မှာ ပါ။

နှင်းဆီက တခြားသူငယ်ချင်းတွေနဲ့ လိုက်သွားမှာ တဲ့ ။ လိမ္မော်တစ်ယောက်တည်း မနေရဲလို့ အိမ်ကို ဖုန်းဆက်ပြီး ကားလှမ်းခေါ်မယ်လုပ်တော့ နှင်းဆီက တားသည် ။

“နှင် တစ်ခါတစ်လေ အခွင့်အရေးရတာပဲ၊ နှင့် အစ်ကို မသိနိုင်ပါဘူး ၊ အလုပ်လည်း မအား ဘူးဆို ခဏလေးပဲဟာ လိုက်ခဲ့”

နှင်းဆီ ဇွတ်အတင်း ခေါ်တာနှင့် သူမ လိုက်ခဲ့မိသည် ။ ကံဆိုးချင်တော့ ကိုကိုက ရောက်လာ ပြီး လိမ္မော် အတန်းလစ်တာ သိသွားတော့သည် ။ နောက်ကနေ လိုက်လာ၏။ လိမ္မော်ကို တွေ့သွား တော့ ဇွတ်အတင်းပဲ ဆွဲခေါ်လာခဲ့သည် ။

“နင် . . . နင် ဒီလိုပဲ အကျင့်ပျက်တဲ့ အပြုအမူတွေတောင် လုပ်တတ်နေပြီလား၊ ငါ့စကား တွေကို မလေးမစားနဲ့ စော်ကားချင်တာလား လိမ္မော်ချို”

“မဟုတ်ပါဘူး ကိုကိုရယ်၊ လိမ္မော် သွားကြည့်ချင်လို့ ပါ၊ လိမ္မော် မှားသွားပါတယ်၊ တောင်းပန်ပါတယ် ကိုကိုရယ်”

“ဖြန်း . . . ”

“အမေ့”

“နင့်ကို အပြစ်ပေးရမယ်၊ ဒီလို အကျင့်တွေ ပျောက်အောင် လုပ်ပစ်ရမယ်၊ နင့်ကို ငါ လုံးဝ ခွင့်မလွှတ်ဘူး”

ကိုကိုက လိမ္မော်အား ရက်စက်စွာ အပြစ်ပေးခဲ့သည် ။ လိမ္မော့်မျက်ဝန်းတွေထဲမှ မျက်ရည်တွေ တပေါက်ပေါက် ကျ လာပြီး တသိမ့်သိမ့် ရှိုက်ငိုပစ်လိုက်မိသည် ။

“ကိုကိုရယ်၊ လိမ္မော် နောက်မလုပ်တော့ပါဘူး၊ ကြောက်ပါပြီ တောင်းပန်ပါတယ်၊ လိမ္မော် မှားပါတယ်၊ အဟင့် . . . ဟင့် . . . ဟင့်”

သူမ ကြောက်လန့်တကြား ကိုကို့ကို တတွတ်တွတ် တောင်းပန်ရင်း သတိလစ် လဲကျသွား သည် ။

“လိမ္မော်ချို ညီမလေး သတိရပြီလား”

“အင်း”

“လိမ္မော်ချို”

“အင်း . . . အင်း”

“သတိရပြီလား မျက်လုံးတွေ ဖွင့်ကြည့်စမ်း၊ ကိုကိုလေ”

"ဟင် . . ."

ကိုကို့အသံ ကြားသည် နှင့် လိမ္မော်ချို မျက်ဝန်းလေးတွေ ဖြတ်ခနဲ ပွင့် လာပြီး အထိတ်တလန့် ကြည့်နေမိ၏။ တဆတ်ဆတ် တုန်ရီနေတဲ့ နှုတ်ခမ်းလေးကို အားယူပြီး သူမ မှားကြောင်း နောက်ထပ် မလုပ်တော့ပါဘူးဟု တတွတ်တွတ် တောင်းပန် စကားပြောနေမိသည် ။

"ကိုကို လိမ္မော် မှားပါတယ်၊ နောက်ထပ် မလုပ်တော့ပါဘူး၊ ညီမလေး တောင်းပန်ပါတယ် နော်"

"ညီမလေး"

သူ့ ညီမလေးရဲ့ ခန္ဓာကိုယ်လေးကို တင်းကျပ်စွာ ဖက်ထားမိသည် ။ စောစောက ဒေါသတွေ ပေါက်ကွဲနေမိပေမဲ့ အခုတော့ ညီမလေးကို သနားသွားရ၏။

သူ နောက်တစ်ခေါက် သွားကြည့်တော့ ညီမလေး သတိလစ်လဲကျနေသည် ။ အလင်းသစ် ထိတ်လန့် တုန်လှုပ်သွားပြီး လိမ္မော်ချိုအား ပွေ့ချီ ခေါ်ထုတ်ခဲ့မိတော့၏။ သတိရအောင် အတော်လေး ကြိုးစားပြုလုပ်လိုက်ရသည် ။

"ကိုကိုက ညီမလေးကို ချစ်လို့ ပါ၊ စည်းစနစ်တွေနဲ့ ကြီးပြင်းစေချင်လို့ ပါ၊ နောက်ဆို ဒီလို အပြုအမူမျိုးတွေ မလုပ်တော့ပါဘူးလို့ ကတိပေးစမ်းပါ လိမ္မော်ချို"

"အင်း . . . အင်းပါ နောက်ဆို ကိုကို မကြိုက်တာတွေ ညီမလေး ဘာမှ မလုပ်တော့ဘူးနော်၊ ဒီ အမှောင်ခန်းထဲ မထားပါနဲ့ တော့နော် ကိုကို"

"ညီမလေး ပြစ်မှု မကျူးလွန်ရင် ကိုကို မထားပါဘူး၊ ကိုကို့ ခွင့်ပြုချက်မရဘဲ ညီမလေး ဘာမှ မလုပ်နဲ့ နော်"

"ဟုတ်ကဲ့ မလုပ်ပါဘူး၊ လိမ္မော် လိမ္မာပ့ါမယ်၊ လိမ္မော်ကို ထပ် . . .ထပ်ပြီး မနှိပ်စက်ပါနဲ့ တော့ နော်"

"ညီမလေး တစ်ခုခု ဖြစ်သွားမှာ ကိုကို အရမ်း စိတ်ပူနေတယ်၊ ကိုကို့ကို စွန့်ခွာပြီး ညီမလေး ထွက်သွားမှာ စိုးရိမ်လို့ ပါ"

"ညီမလေး မှားပါတယ် ကိုကို၊ နောကၢဆိုရင် ကိုကို့ ခွင့်ပြုချက်မရဘဲ ဘာကိုမှ မလုပ်တော့ ပါဘူးနော်"

လိမ္မော်ချို ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ကိုကို့ကို တောင်းပန်နေမိသည် ။ သူမ ကြောက်ပါတယ်။ အမှောင်ခန်းကြီးကို သူမ အရမ်းမုန်းတာပဲ။ ကြွက်တွေ ဆိုးဝါးတဲ့ အနံ့အသက်တွေ။ ကိုကို မကြိုက် တာ လိမ္မော် မလုပ်တော့ပါဘူး။ တွေးမိတိုင်း သူမ စိတ်တွေ တုန်လှုပ်ခြောက်ခြားနေဆဲ ဖြစ်သည် ။

ကိုကို့ မျက်ဝန်းထဲမှာ ဒေါသတွေ ပျောက်ကွယ်သွားမှ သူမ တင်းကျပ်နေတဲ့ စိတ်တွေ ပြေလျော့သွားရ၏။ တဆတ်ဆတ်တုန်နေတဲ့ ခန္ဓာကိုယ်လေးပင် ကိုကိုရဲ့ နွေးထွေးထွေး နှစ်သိမ့် ယုယမှုကြောင့် ငြိမ်သက်စပြုလာရသည် ။

"ညီမလေး"

"ရှင် . . ."

"ထ . . ."

"ဟုတ်ကဲ့"

"ညီမလေး သွားချင်တဲ့ နေရာကို သွားကြမယ်"

"ရှင် . . . ."

"ညီမလေး ကြည့်ချင်တာ မဟုတ်လား၊ ကိုကို လိုက်လာလို့ ညီမလေး ကြည့်ချင်တဲ့ ရုပ်ရှင် ကားကို မကြည့်လိုက်ရဘူး မဟုတ်လား"

"နေပါတော့ ကိုကို လိမ္မော် ဒီလောက်ကြီး သွားချင်တာ မဟုတ်ပါဘူး၊ ဆရာလည်း မလာလို့ တစ်ယောက်တည်း စောင့်နေရမှာ စိုးလို့ ပါနော်"

လိမ္မော် ဘယ်ကိုမှ မသွားချင်တော့လောက်အောင် အားအင်တွေ ချိနဲ့နေရသည် ။ ခြေလှမ်း တွေပင် မရွေ့ချင်။ ကိုကိုနှင့် သွားလျှင်လည်း အချုပ်အချယ်တွေနှင့် ပတ်ဝန်းကျင်မှ ယောက်ျား လေးတွေ ကြည့်လျှင်လည်း ပြဿနာရှာပြီး ဒေါသတွေ ပေါက်ကွဲချင်သည် ။

လိမ္မော် အိမ်ထဲမှာ နေတာပဲ အကောင်းဆုံးပါပဲလေ။ ကိုကို့ အကြည့်တွေက လိမ္မော့်ဆီ စူးစိုက် စွာ ကျရောက်လာ၏။ သူမ တုန်လှုပ်စွာ ရင်တွေ တဆတ်ဆတ် တုန်ရင်လာသဖြင့် နှုတ်ခမ်းလေး တွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည် ။

"လိမ္မော်ချို"

"ရှင် . . .."

"ကိုကိုနဲ့ မသွားချင်တာလား"

"မဟုတ်ပါဘူး ကိုကို၊ လိမ္မော် မသွားချင်တဲ့ အကြောင်း ပြောပြတာပါ"

"ညီမလေး"

"ရှင်"

"ကိုကို့အချစ်တွေ စေတနာ မေတ္တာတွေကို နားလည်ရဲ့ လားကွာ"

"ဟုတ်ကဲ့ နားလည်ပါတယ် ကိုကို"

"ညီမလေးကို အရမ်း ချစ်လို့ ပါ၊ အရမ်းပဲ တန်ဖိုးထားလို့ ပါ၊ ကိုကို့ အနားကနေ ထွက်ခွာသွား မှာ စိုးရိမ်လို့ ပါ"

"မသွားပါဘူး ကိုကို၊ လိမ္မော်တို့ မှာ ဒီ မောင်နှမ နှစ်ယောက်ပဲ ရှိတာပဲ"

"တကယ်လား ညီမလေးရယ်၊ မင်း ကတိပေးစမ်း၊ ကိုကိုက လွဲပြီး ဘယ်သူ့ကိုမှ မချစ်ပါဘူး လို့ "

"ဟုတ်ကဲ့ ကတိပေးပါတယ် ကိုကို၊ လိမ္မော့်ဘဝမှာ ကိုကိုပဲ အဓိကပါ ၊ ကိုကိုကလွဲပြီး ဘယ်သူမှ မချစ်ပါဘူး"

"ကောင်းပြီ ကတိနော်၊ ကိုကိုလည်း ချစ်သူတွေ ဘာတွေ မထားဘူး၊ ညီမလေးလည်း ချစ်သူ ရည်းစားတွေ မထားရဘူး၊ အိမ်ထောင်လည်း မပြုရဘူး ဘယ်လိုလဲ"

"ဟုတ်ကဲ့"

"ညီမလေး သဘောတူလက်ခံတယ်နော်"

"ဟုတ်ကဲ့"

"အိုလေ ဒါဆို တို့ နှစ်ယောက် ဘုရားရှေ့မှာ သစ္စာဆိုပြီး သစ္စာရေ သောက်ကြမယ် ဘယ်လို လဲ"

"ကိုကို့ သဘောပါပဲ"

"လာ သွားကြမယ်"

ကိုကိုက သူမလက်လေးကို ဆွဲပြီး ဘုရားခန်းထဲ ခေါ်လာတော့ လိမ္မော့် ဆန္ဒတွေ ဘယ်လိုပဲ ရှိနေပါစေ၊ ကိုကို့နောက် လိုက်ခဲ့ရတာပဲ မဟု

တ်လား။

ငယ်ငယ်လေးကတည်းက ကိုကို့ကို လိမ္မော် ကြောက်ခဲ့ရသည် ။ ကိုကို့ရဲ့ စည်းစနစ်တွေနဲ့ တင်းကျပ်တဲ့ ချုပ်ချယ်မှုတွေက လိမ္မော့်အတွက် ခေါက်ရိုးကြေနေတဲ့ စက္ကူတစ်ရွက်လိုပဲ ဖြစ်နေခဲ့ရ သည် ။ မေမေ သေဆုံးသွားခြင်းကလည်း လိမ္မော့်အတွက် အားကိုးတွယ်တာရာ နှစ်သိမ့်အားပေးရာ မဲ့သလိုလည်း ဖြစ်သွားရ၏။

ကိုကို့ဆန္ဒက လိမ္မော့်ဆန္ဒပါပဲ။ ကြိုက်တာ မကြိုက်တာတွေ လက်ခံချင်တာတွေ ငြင်းဆန် လိုတာတွေ သဘောကျကျ မကျကျ လိမ္မော် လိုက်နာ ဆောင်ရွက်ပေးလိုက်ဖို့ ပဲ ရှိတော့သည် ။

"ကိုကို ပြောတာတွေကို လိုက်ဆိုနော် လိမ္မော်"

"ဟုတ်ကဲ့"

"ပေးထားတဲ့ ကတိကို ဖောက်ဖျက်ပါက အသေဆိုးနဲ့ သေပြီး ငရဲကြီး ရှစ်ထပ်သို့ သံသရာ အဆက်ဆက် ဘဝအဆက်ဆက် ကျရောက်ပါစေသား"

ကိုကို့ သစ္စာဆိုသံကြီးက သူမ ရင်ထဲသို့ သံရည်ပူတွေအလား ပူပြင်းလောင်မြိုက်စွာ တိုးဝင် စီးဆင်းသွားသည် ။ လိမ္မော် နှုတ်ခမ်းလေးတွေက တဆတ်ဆတ် တုန်ရီလာသဖြင့် စိတ်တွေကို ထိန်း ချုပ်ပြီး ကိုကို့နောက်မှ လိုက်ဆိုခဲ့ရ၏။

ဘာဖြစ်လို့ လဲ မသိပါဘူး။ လိမ္မော့် စိတ်တွေ ပူလောင်ကာ ခါးသက်နာကျင်သွားရသည် ။ ကြောက်စိတ်တွေလည်း အတိုင်းအဆမဲ့စွာ တိုးဝင်လာရ၏။ လိမ္မော့်ဘဝ တစ်လျှောက်လုံး နေထိုင် လိုက်နာနိုင်ပါ့မလား။ အရှင်ဘုရား တပည့်တော်မ ကိုကို့ကို အရမ်း ကြောက်ရွံ့မိလို့ ပါဘုရား။

တပည့်တော်မအား ခွင့်လွှတ် သည်းခံပေးပါဘုရား။ ကံကြမ္မာအရ တပည့်တော် ဖောက်ဖျက်မိသွား ပါက ဒီ ကတိစကားတွေရဲ့ ဆိုးကျိုးတွေ တပည့်တော်မအပေါ် မကျရောက်ပါရစေနဲ့ အရှင်မြတ် ဘုရား။

"လိမ္မော်"

"ရှင် . . ."

"ရော့ သစ္စာရေသောက်လေ"

"ဟုတ်ကဲ့"

"ကိုကိုတို့ ဘုရားရှေ့မှာ သစ္စာဆိုပြီး သစ္စာရေသောက်ကြတာနော် လိမ္မော်၊ ကတိဖျက်တဲ့ သူက သစ္စာစူးမှာ ပဲ၊ ဒီသစ္စာရေကို သောက်"

"ဟုတ်ကဲ့"

ကိုကိုက သူ အရင်သောက်ပြီး လိမ္မော်အား သောက်စေသည် ။ လိမ္မော်အတွက်ကတော့ ကိုကို့ အမိန့်ကို ဒီအရွယ်ထိ တိကျစွာ လိုက်နာခဲ့ရတာပါ။ သစ္စာရေကို လိမ္မော်ယူ၍ မော့သောက်လိုက်တော့ ကိုကိုက သဘောကျစွာ ပြုံးနေ၏။ လိမ္မော့်လက်ကို ဆွဲပြီး ဘုရားခန်းထဲကနေ ပြန်၍ ထွက်လာ သည် ။

လိမ္မော်ကတော့ သံပတ်ပေးထားတဲ့ ကော်ပတ်ရုပ်လေး တစ်ရုပ်လိုပါပဲ။ ကိုကို စေခိုင်းရာကို တစ်သွေမတိမ်း လိုက်နာလုပ်ဆောင်ပေးရတဲ့ လူသားစက်ရုပ်မလေးပါပဲ။ စက်ရုပ်တွေ၊ ကော်ပတ်ရုပ် လေးတွေလို အသက်မပါရင် အသွေးအသား အသိဉာဏ်မပါရင် ဘယ်လောက် ကောင်းလိုက်မလဲ နော်။ သူမ ခပ်ကြောင်ကြောင်လေး စဉ်းစားနေမိသည် ။

*